# မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက် အက်ဥပဒေ

(၁၉၂၃ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ်- ၂၃)

# မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေ

(၁၉၂၃ ခုနှစ် အိန္ဒိယအက်ဥပဒေအမှတ် ၁၉)

(၁၉၂၃ ခုနှစ် ဧပြီလ ၂ ရက်)

ပုဒ်မ ၁။ ဤမြန်မာအက်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝှမ်းလုံးနှင့်သက်ဆိုင်သည့်အပြင် ပြည်ပ ပြည့်ဒေသတွင်မဆိုရှိသော ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးနှင့်လည်းကောင်း၊ အစိုးရ အရာထမ်း၊ အမှုထမ်း၊ အားလုံးနှင့်လည်းကောင်း သက်ဆိုင်သည်။

ပုဒ်မ ၂။ ဤမြန်မာအက်ဥပဒေတွင် အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့် ဖြစ်စေ မဆန့်ကျင်လျှင်-

(၁) အစိုးရပိုင်နေရာဆိုသည့်စကားရပ်တွင် အမှန်တကယ် အစိုးရပိုင်သည်ဖြစ်စေ၊ မပိုင်သည်ဖြစ်စေ အစိုးရဌာနတစ်ခုခု၏ **လက်ရှိရယူထားသော** နေရာလည်းပါဝင်သည်။

(၂) **ဆက်သွယ်အကြောင်းကြားခြင်း** သို့မဟုတ် **လက်ခံခြင်း** ဆိုသည့် စကားရပ်တွင် အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဆက်သွယ်အကြောင်းကြားခြင်း သို့မဟုတ် လက်ခံခြင်း၊ ထို့ပြင် **ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ စာတမ်းအမှတ်အသား** သို့မဟုတ် သတင်းကိုဖြစ်စေ၊ ယင်းတို့၏ လိုရင်းအချက်၊ သဘော သို့မဟုတ် အကြောင်းအရာကိုဖြစ်စေ၊ ဆက်သွယ်အကြောင်းကြားခြင်း သို့မဟုတ် လက်ခံခြင်း၊ ပါဝင်သည်။ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု သို့မဟုတ် စာတမ်းအမှတ်အသား တစ်ခုခုရယူခြင်းတို့ပါဝင်သည့်အပြင် **ဆက်လက်ထားရှိခြင်း၊** ဆိုသည့် စကားရပ်တွင် ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု သို့မဟုတ် စာတမ်းအမှတ်အသား တစ်ခုလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ရေးကူးခြင်း သို့မဟုတ် ရေးကူးစေခြင်း ပါဝင်သည်။ ထို့ပြင် ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခု ဆက်သွယ်အကြောင်းကြားခြင်းဆိုသည့် စကားရပ်တွင် ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု သို့မဟုတ် စာတမ်းအမှတ်အသားတို့ကို **လွှဲပြောင်းခြင်း** သို့မဟုတ် **ပေးပို့ခြင်း**လည်းပါဝင်သည်။

(၃) **စာတမ်းအမှတ်သားဆိုသည့်စကားရပ်**တွင် စာတမ်းအမှတ်အသား တစ်စိတ်တစ်ဒေသလည်းပါဝင်သည်။

(၄) နမူနာပုံစံဆိုသည့် စကားရပ်တွင် **ရုပ်ပုံ၊ ပုံစံနှင့် နမူနာ** တို့ ပါဝင်သည်။

(၅) **စစ်ပစ္စည်း**ဆိုသည့် စကားရပ်တွင် စစ်ရေးစစ်ရာ၌ အသုံးပြုရန် ရည်ရွယ်သည့် သို့မဟုတ် တပ်ဆင်ထားသည့် သင်္ဘော၊ ရေငုပ်သင်္ဘော၊ လေယာဉ်၊ တင့်ကား သို့မဟုတ် အလားတူ

စက်ကိရိယာ၊ လက်နက်၊ ခဲယမ်းမီးကျောက်၊ ဇော်ပီဒိုလက်နက် သို့မဟုတ် မိုင်းတစ်ခုလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ ထိုသို့ အသုံးပြုရန် အကြံဖြင့် အမှန်တကယ်ရှိသော သို့မဟုတ်ရည်ရွယ်ထားသော အခြားပစ္စည်း၊ **ကိရိယာ** သို့မဟုတ် **တန်ဆာပလာ** တစ်ခုခုသော်လည်းကောင်း ပါဝင်သည်။

(၆) **အစိုးရဝန်ထမ်းထမ်းရာထူး** ဆိုသည့် စကားရပ်တွင် အစိုးရဌာနတစ်ခုခု၌ဖြစ်စေ၊ အစိုးရဌာနလက်အောက်၌ဖြစ်စေ ဆောင်ရွက်သော ရာထူး သို့မဟုတ် အလုပ်အကိုင်တစ်ခုခု ပါဝင်သည်။

(၇) ဓာတ်ပုံ ဆိုသည့်စကားရပ်တွင် ရိုက်ပြီး၍ **မဆေးရသေးသည့် ဖလင်** သို့မဟုတ် **မှန်ချပ်** လည်းပါဝင်သည်။

(၈) ပိတ်ပင်တားမြစ်သည့်နေရာ ဆိုသည်မှာ အောက်ပါတို့ကို ဆိုလိုသည်-

(က) **အစိုးရပိုင်ဆိုင်သည့်** သို့မဟုတ် အစိုးရကဖြစ်စေ၊ အစိုးရအတွက် ဖြစ်စေ၊ လက်ရှိရယူထားသည့်**ကာကွယ်ရေးအစီအမံ**၊လက်နက်တိုက်၊ရေတပ်၊ ကြည်းတပ်၊ သို့မဟုတ် လေတပ်**အခြေစိုက်ထားရှိရာ** သို့မဟုတ် **စခန်းချရာဌာန**၊ မိုင်း၊ **မိုင်းကွင်း**၊ စခန်း၊ သင်္ဘော သို့မဟုတ် လေယာဉ်၊ ထိုသို့ ပိုင်ဆိုင်သည့် သို့မဟုတ် လက်ရှိရယူထားသည့် စစ်ဘက်ဆိုင်ရာကြေးနန်း သို့မဟုတ် စကားပြောကြေးနန်း၊ ထိုသို့ ပိုင်ဆိုင်သည့် သို့မဟုတ် လက်ရှိရယူထားသည့် ဝိုင်ယာလက်၊ သို့မဟုတ် အချက်ပြ ဆက်သွယ်ရေးစခန်း၊ သို့မဟုတ် ရုံး၊ ထို့ပြင် ထိုသို့ ပိုင်ဆိုင်၍ သို့မဟုတ် လက်ရှိရယူထား၍ စစ်ပစ္စည်းများကို ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်သည့် ပုံကြမ်း၊ စနစ်ပုံ၊နမူနာပုံစံ သို့မဟုတ် စာတမ်းအမှတ်အသားများကိုဖြစ်စေ ဆောက်လုပ်ရန်၊ ပြင်ဆင်ပြုလုပ်ရန်၊ သိုလှောင်ရန်အလို့ငှာသော်လည်းကောင်း၊ စစ်ဖြစ်ပွားချိန်တွင် အသုံးဝင်သည့် သတ္တု၊ ဆီ သို့မဟုတ် တွင်းထွက်သတ္တုပစ္စည်း ရယူရန် အလို့ငှာ သော်လည်းကောင်း အသုံးပြုသည့်အလုပ်ရုံ၊ သင်္ဘောကျင်း သို့မဟုတ် အခြားနေရာ။

(ခ) အစိုးရနှင့်ဖြစ်စေ၊ အစိုးရကိုယ်စား တစ်ဦးတစ်ယောက်သောသူနှင့် ဖြစ်စေ ပြုလုပ်သည့် ပဋိညာဉ်အရ စစ်ပစ္စည်းများသော်လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ သို့မဟုတ် စာတမ်းအမှတ်အသားများကိုသော်လည်းကောင်း ပြုလုပ်၊ ပြင်ဆင်၊ ရယူ သိုလှောင်ရာဖြစ်သော အစိုးရပိုင်မဟုတ်သည့်နေရာ။

(ဂ) အစိုးရပိုင်ဆိုင်သည့် သို့မဟုတ် အစိုးရကိစ္စအတွက် အသုံးပြုသည့် နေရာတစ်ခုခုနှင့်စပ်လျဉ်း၍ သတင်းပေါက်ကြားသွားပါက သို့မဟုတ် ထိုနေရာ ပျက်စီး

ယိုယွင်းသွားပါက ရန်သူအတွက် အသုံးဝင်မည်ဟူသောအကြောင်းကြောင့် ထိုနေရာကို ဤအက်ဥပဒေပါ ကိစ္စများအလို့ငှာ ပိတ်ပင်တားမြစ်ထားသည့် နေရာအဖြစ် နိုင်ငံတော်သမ္မတပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် အခါအား လျော်စွာ ကြေညာ၍ ထိုသို့ ကြေညာသည့် အမိန့်ကြော်ငြာစာ မိတ္တူကို ထိုနေရာတွင် မြန်မာဘာသာဖြင့် လည်းကောင်း၊ ဒေသသုံးဘာသာရှိလျှင် ထိုဘာသာဖြင့်လည်းကောင်း စွဲကပ်ထားလျှင် ယင်းသို့ စွဲကပ်ထားသည့်နေရာ။

(ဃ) မီးရထားလမ်း၊ လမ်း၊ လမ်းကြောင်း သို့မဟုတ် ရေစီးကြောင်း တစ်ခုခုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အခြားကုန်းကြောင်း သို့မဟုတ် ရေကြောင်း ဆက်သွယ်ရေးများ(ယင်းတို့၏ တစ်စိတ်တစ်ဒေသဖြစ်သော သို့မဟုတ် ယင်းတို့နှင့် စပ်ဆိုင်သော လုပ်ငန်း၊ သို့မဟုတ်အဆောက်အအုံများအပါအဝင်)နှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ဓာတ်ငွေ့၊ ရေ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ အတွက် ဖြစ်စေ၊ အခြားလုပ်ငန်းများအတွက်ဖြစ်စေ၊ နိုင်ငံအကျိုးငှာ အသုံးပြုသည့် နေရာတစ်ခုခုနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ စစ်ပစ္စည်းများ သို့မဟုတ် ယင်းတို့ နှင့်သက်ဆိုင်သည့် ပုံကြမ်းများ၊ စနစ်ပုံ၊ နမူနာပုံစံများ သို့မဟုတ် စာတမ်းအမှတ် အသားများကို အစိုးရအတွက် မဟုတ်ဘဲ၊ အခြားကိစ္စအတွက် ပြုလုပ်၊ ပြင်ဆင်၊ သိုလှောင်သည့် နေရာတစ်ခုခုနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းပေါက် ကြားသွားပါက သို့မဟုတ် ယင်းတို့ကို ဖျက်ဆီးခြင်း၊ တားဆီးခြင်း၊ သို့မဟုတ် ဝင်ရောက်စွက်ဖက်ခြင်းပြုပါက ရန်သူအတွက် အသုံးဝင်မည်ဟူသော အကြောင်း ကြောင့် ယင်းတို့ကို ဤအက်ဥပဒေပါ ကိစ္စများအလို့ငှာ ပိတ်ပင်တားမြစ်ထားသည့် နေရာအဖြစ်ဖြင့် နိုင်ငံတော်သမ္မတက ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် အခါ အားလျော်စွာ ကြေညာ၍ ထိုသို့ ကြေညာသည့် အမိန့်ကြော်ငြာစာ မိတ္တူကို မြန်မာ ဘာသာဖြင့် လည်းကောင်း၊ ဒေသသုံးဘာသာရှိလျှင် ထိုဘာသာဖြင့်လည်းကောင်း၊ စွဲကပ်ထားလျှင် အဆိုပါ မီးရထားလမ်း၊ လမ်း၊ လမ်းကြောင်း၊ ရေစီးကြောင်း၊ သို့မဟုတ် ကုန်းကြောင်း၊ ရေကြောင်း၊ ဆက်သွယ်ရေးများနှင့် နေရာများ။

(၉) **ပုံကြမ်း** ဆိုသည့် စကားရပ်တွင် ဓာတ်ပုံ သို့မဟုတ် နေရာတစ်ခုခုကိုဖြစ်စေ၊ အရာဝတ္ထု တစ်ခုခုကိုဖြစ်စေ အခြားနည်း ဖော်ပြသော ရုပ်ပုံတစ်ခုခုပါဝင်သည်။

(၁၀) **ရဲဝန်** ဆိုသည့် စကားရပ်တွင် ရဲဝန်နှင့် အဆင့်တူဖြစ်သည့် သို့မဟုတ် ရဲဝန်ထောက်ရာထူး ထက်ကြီးမြင့်သည့်ရဲအရာရှိအပြင် ဤအက်ဥပဒေပါကိစ္စများအလို့ငှာ နိုင်ငံတော်သမ္မတက ရဲဝန်၏ အာဏာအပ်နှင်းထားသည့်သူ တစ်ဦးဦးလည်း ပါဝင်သည်။

ပုဒ်မ ၃။ (၁) နိုင်ငံတော်၏ လုံခြုံရေး သို့မဟုတ် အကျိုးကို ထိခိုက်စေလိုသော ရည်ရွယ်ချက်ဖြင့်-

(က) ပိတ်ပင်ထားဖြစ်ထားသည့် နေရာတစ်ခုခုကို ချဉ်းကပ်ခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း၊ ကျော်ဖြတ်ခြင်း ပြုလုပ်လျှင် သို့မဟုတ် ထိုနေရာ အနီးအနားတွင် ရှိနေလျှင် သို့မဟုတ် ထိုနေရာသို့ ဝင်ရောက်လျှင် သို့မဟုတ်

(ခ) ရန်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အသုံးဝင်စေရန်နှင့် တွက်ချင့်၍ သို့မဟုတ် အသုံးဝင်တန်ရာသော သို့မဟုတ် အသုံးဝင်စေရန် ကြံရွယ်သော မည်သည့်ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ သို့မဟုတ် မှတ်စုကို မဆို ပြုလုပ်လျှင်၊ သို့မဟုတ်

(ဂ) ရန်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အသုံးဝင်စေရန် ရည်ရွယ်၍ သို့မဟုတ် အသုံးဝင်တန်ရာသည်ဟူ၍ သို့မဟုတ် အသုံးဝင်စေရန် ကြံရွယ်၍ လျှို့ဝှက်ထားသည့် **အစိုးရစကားဝှက်** သို့မဟုတ် **ကင်းစကားဝှက်** တစ်ခုခုကိုသော်လည်းကောင်း၊ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု သို့မဟုတ် အခြားစာတမ်းအမှတ်အသား သို့မဟုတ် သတင်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း ရယူခြင်း၊ စုဆောင်းခြင်း၊ ရေးမှတ်ခြင်းသို့မဟုတ် ထုတ်ဝေခြင်းပြုလျှင် သို့မဟုတ် သူတစ်ပါးအား ဆက်သွယ်၍ သိစေလျှင်သို့မဟုတ်အဆိုပါပြစ်မှုမှာ ခံတပ်၊ လက်နက်ကိုင် ရေတပ်၊ ကြည်းတပ် သို့မဟုတ် လေတပ် အခြေစိုက်ထားရှိရာ သို့မဟုတ် ချထားရာဌာန၊ မိုင်း၊ မိုင်းကွင်း၊ အလုပ်ရုံ၊ သင်္ဘောကျင်း၊ စခန်း၊ သင်္ဘော သို့မဟုတ် လေယာဉ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အစိုးရ ၊ ရေတပ်၊ ကြည်းတပ်၊ လေတပ်ရေးရာကိစ္စများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ လျှို့ဝှက်ထားသည့် အစိုးရစကားဝှက်တစ်ခုခုနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင် တစ်ဆယ့်လေးနှစ်ထိထောင်ဒဏ်၊ အခြားအမှုများဖြစ်လျှင် သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည်။

(၂) ဤပုဒ်မအရ တစ်ဆယ့်လေးနှစ်ထိ ထောင်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုအတွက် တရားစွဲဆိုသည့်အခါ တရားခံမှာ နိုင်ငံလုံခြုံရေး သို့မဟုတ် အကျိုးကို ထိခိုက်စေလိုသည့် ရည်ရွယ်ချက်ရှိကြောင်း ထင်ရှားစေရန် သဘောသက်ရောက်သော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ပြဆိုရန်မလို။ ထို့အပြင် အဆိုပါ ပြုလုပ်မှုနှင့် စပ်လျဉ်း၍ ၎င်းအပေါ် သက်သေထင်ရှား မပြစေကာမူ သက်သေထင်ရှား ပြသည့်အမှုကြောင်းခြင်းရာများကိုဖြစ်စေ၊ ၎င်းအပြုအမူ သို့မဟုတ် သိရှိရသည့်

၎င်း၏ အကျင့်စာရိတ္တကိုဖြစ်စေ၊ ထောက်ထား၍ ၎င်း၏ရည်ရွယ်ချက်သည် နိုင်ငံလုံခြုံရေးသို့မဟုတ် အကျိုးကို ထိခိုက်စေမည့်ပုံပေါ်လျှင် ၎င်းအား ပြစ်မှုထင်ရှား စီရင်နိုင်သည်။ ပိတ်ပင်တားမြစ်ထားသည့်နေရာနှင့် သက်ဆိုင်သော သို့မဟုတ် ထိုနေရာတွင် အသုံးပြုသော သို့မဟုတ် အဆိုပါနေရာရှိ ပစ္စည်းတစ်ခုခုနှင့် သက်ဆိုင်သော ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ စာတမ်းအသား သို့မဟုတ် သတင်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လျှို့ဝှက်ထားသည့်အစိုးရ စကားဝှက်သို့မဟုတ်ကင်းစကားဝှက်တစ်ခုခုကိုသော်လည်းကောင်း၊ တရားဥပဒေနှင့် အညီ အပ်နှင်းထားသည့် အခွင့်အာဏာအရ ဆောင်ရွက်သောသူမှတစ်ပါး၊ အခြားသူတစ်ဦးဦးက ပြုလုပ်၊ ရယူ၊ စုဆောင်း၊ ရေးမှတ်၊ ထုတ်ဝေ၊ ဆက်သွယ် အကြောင်းကြားလျှင်၊ သက်သေထင်ရှားပြထားသည့် အမှုကြောင်းခြင်းများကို သော်လည်းကောင်း၊ ၎င်း၏ အပြုအမူ သို့မဟုတ် သိရှိရသည့် ၎င်း၏အကျင့်စာရိတ္တကို သော်လည်းကောင်း ထောက်ထား၍ ၎င်း၏ရည်ရွယ်ချက်သည် နိုင်ငံလုံခြုံရေး သို့မဟုတ် အကျိုးကို ထိခိုက်စေမည့်ပုံပေါ်လျှင် အဆိုပါ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ စာတမ်းအသား သို့မဟုတ် သတင်းကို နိုင်ငံလုံခြုံရေး သို့မဟုတ် အကျိုးထိခိုက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်၊ ရယူ၊ စုဆောင်း၊ ရေးမှတ်၊ ထုတ်ဝေ ပြောကြားခြင်းဖြစ်သည်ဟု ယူဆရမည်။

ပုဒ်မ ၄။ (၁) ပုဒ်မ ၃ အရ ပြစ်မှုတစ်ခုခုအတွက် တစ်ဦးတစ်ယောက်သောသူအပေါ် အရေးယူဆောင်ရွက်သည့် မှုခင်းကိစ္စတစ်ရပ်ရပ်တွင် ထိုသူမှာ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ ရှိသော **နိုင်ငံခြားကိုယ်စားလှယ်နှင့် ဆက်သွယ်လျက်ရှိသည့်** သို့မဟုတ် ဆက်သွယ်ရန်အားထုတ်လျက်ရှိသည့် အကြောင်းခြင်းရာမှာ ထိုသူသည် နိုင်ငံလုံခြုံရေး သို့မဟုတ် အကျိုးထိခိုက်စေရန် အလို့ငှာ ရန်သူအားတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးဝင်စေရန် တွက်ချင့်၍ သို့မဟုတ် အသုံးဝင်တန်ရာသည် ဟူ၍ သို့မဟုတ် အသုံးဝင်စေရန် ကြံရွယ်၍ သတင်းကို ထိုသူရယူခဲ့ကြောင်း သို့မဟုတ် ရယူရန်အားထုတ်ခဲ့ကြောင်း သက်သေထင်ရှား ပြရန်ကိစ္စအတွက် သက်ဆိုင်သော အကြောင်းခြင်းရာဖြစ်စေရမည်။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ ဤပုဒ်မပါ ကိစ္စ အလို့ငှာ-

(က) တစ်ဦးတစ်ယောက်သောသူသည် -

(၁) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ နိုင်ငံခြားကိုယ်စားလှယ်၏ နေရပ်သို့သွားရောက်လျှင် သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်နှင့် အပေါင်းအဖော်ပြုလုပ်ခြင်း သို့မဟုတ် ပေါင်းသင်းဆက်ဆံခြင်းပြုလျှင် သို့မဟုတ်

(၂) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင် ဖြစ်စေ နိုင်ငံခြားကိုယ်စားလှယ်၏ အမည်ကိုသော်လည်းကောင်း၊ နေရပ်ကိုသော်လည်းကောင်း၊ ထိုသူနှင့်ပတ်သက်သည့် အခြားအကြောင်းအရာကိုသော်လည်းကောင်း၊ မိမိ၏ **လက်ဝယ်တွေ့ရှိလျှင်** သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်ထံမှ မိမိရရှိထားလျှင် ထိုသူအား နိုင်ငံခြားကိုယ်စားလှယ်နှင့် အဆက်အသွယ်ရှိသူဟု ယူဆနိုင်သည်။

(ခ) နိုင်ငံခြားကိုယ်စားလှယ်ဆိုသည့် စကားရပ်တွင် နိုင်ငံလုံခြုံရေး သို့မဟုတ် အကျိုးကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ခုခုကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကျူးလွန်ရန်အလို့ငှာ နိုင်ငံခြား အစိုးရက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စေခိုင်းသော သို့မဟုတ် စေခိုင်းခဲ့သောသူ သို့မဟုတ် ထိုသို့စေခိုင်းသည်ဟူ၍သော်လည်းကောင်း၊ စေခိုင်းခဲ့သည်ဟူ၍ သော်လည်းကောင်း မသင်္ကာဖွယ်ရာ အကြောင်း ယုတ္တိရှိပုံပေါ်သူ သို့မဟုတ် နိုင်ငံခြားအစိုးအရ အကျိုးငှာ အဆိုပါပြုလုပ်မှုကို ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းတွင်ဖြစ်စေ၊ ပြည်ပတွင် ဖြစ်စေ၊ ကျူးလွန်ခဲ့သူ သို့မဟုတ် ကျူးလွန်ရန် အားထုတ်ခဲ့သူ သို့မဟုတ် ကျူးလွန်ခဲ့သည်ဟူ၍သော်လည်းကောင်း၊ ကျူးလွန်ရန်အားထုတ်ခဲ့သည့်ဟူ၍သော်လည်းကောင်း၊ မသင်္ကာဖွယ်ရာအကြောင်း ယုတ္တိရှိသူပါဝင်သည်။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင် ဖြစ်စေရှိသော နေရာတစ်ခုခုနှင့်စပ်လျဉ်း၍ ၎င်းမှာ နိုင်ငံခြားကိုယ်စားလှယ်ထံပေးပို့ရန်ရည်ရွယ်ထားသောအကြောင်းကြား ဆက်သွယ်ချက်များ လက်ခံရေးအတွက် အသုံးပြုသည့်နေရပ်ဖြစ်သည်ဟု မသင်္ကာဖွယ်ရာအကြောင်း ယုတ္တိရှိပုံပေါ်လျှင် ထိုနေရပ်ကိုသော်လည်းကောင်း၊ နိုင်ငံခြားကိုယ်စားလှယ်နေထိုင်ရာဖြစ်သော သို့မဟုတ် အကြောင်းကြား ဆက်သွယ်ချက်များ ပေးရန်အတွက်ဖြစ်စေ၊ လက်ခံရန်အတွက်ဖြစ်စေ၊ နိုင်ငံခြားကိုယ်စားလှယ် ဝင်ထွက်သွားလာရာဖြစ်သော သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်က လုပ်ငန်းတစ်ခုခု ဆောင်ရွက်ရာ

ဖြစ်သော နေရပ်ကိုသော်လည်းကောင်း၊ နိုင်ငံခြားကိုယ်စားလှယ်၏ နေရပ်ဟု ယူဆနိုင်သည့်အပြင် အဆိုပါ နေရပ်သို့ လိပ်တပ်ပေးပို့သော အကြောင်းကြား ဆက်သွယ်ချက်များကိုလည်း နိုင်ငံခြားကိုယ်စားလှယ်ထံ ပေးပို့သော အကြောင်းကြား ဆက်သွယ်ချက်များဟု ယူဆနိုင်သည်။

ပုဒ်မ ၅။ (၁) မည်သူမဆို ပိတ်ပင်တားမြစ်ထားသည့် နေရာနှင့် သက်ဆိုင်သော သို့မဟုတ် ထိုနေရာတွင် အသုံးပြုသော သို့မဟုတ် ထိုနေရာရှိ ပစ္စည်းတစ်ခုခုနှင့် သက်ဆိုင်သော ဤဥပဒေကို ဆန့်ကျင်၍ ပြုလုပ်ထားသော သို့မဟုတ် ရရှိထားသော သို့မဟုတ် **အစိုးရ ဝန်ထမ်း ရာထူး၊ တာဝန်ထမ်းဆောင်နေသူတစ်ဦးဦးက** မိမိအား ယုံကြည်၍ အပ်နှံထားသော သို့မဟုတ် အစိုးရဝန်ထမ်း ရာထူး တာဝန်ထမ်းဆောင်နေသူ အနေဖြင့်သော်လည်းကောင်း၊ **ထမ်းဆောင်ခဲ့ဖူးသူ**အနေဖြင့်သော်လည်းကောင်း **အစိုးရ ကိုယ်စား ချုပ်ဆိုသည့် ပဋိညာဉ်လက်ရှိဖြစ်သူ** အနေဖြင့်သော်လည်းကောင်း၊ **လက်ရှိဖြစ်ခဲ့ ဖူးသူ** အနေဖြင့်သော်လည်းကောင်း၊ အဆိုပါ ရာထူးကိုဖြစ်စေ၊ ပဋိညာဉ်ကိုဖြစ်စေ၊ လက်ရှိဖြစ်သူသို့မဟုတ် လက်ရှိဖြစ်ခဲ့ဖူးသူ လက်အောက်တွင် အလုပ်လုပ်ကိုင်သူ သို့မဟုတ် လုပ်ကိုင်ခဲ့ဖူးသူ အနေဖြင့်သော်လည်းကောင်း၊ မိမိရရှိထားသော သို့မဟုတ် လေ့လာထားသော လျှို့ဝှက်ထားသည့် အစိုးရစကားဝှက် သို့မဟုတ် ယင်းစကားဝှက်ကိုဖြစ်စေ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ စာတမ်း အမှတ်အသား သို့မဟုတ် သတင်းတစ်ခုခုကိုဖြစ်စေ၊ **မိမိ၏လက်ဝယ်တွင်** သော်လည်းကောင်း၊ **မိမိ၏ကြီးကြပ်မှုအောက်တွင်** သော်လည်းကောင်း ထားရှိသူဖြစ်သည့် အားလျော်စွာ-

(က) ထိုစကားဝှက်၊ ကင်းစကားဝှက်၊ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု စာတမ်းအမှတ်အသား သို့မဟုတ် သတင်းကို မိမိပြောကြားခွင့်ရသောသူ သို့မဟုတ် နိုင်ငံအကျိုးငှာ မိမိပြောကြားရန်တာဝန်ရှိသောသူ သို့မဟုတ် တရားရုံးမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်အား တမင်ပြောကြားလျှင် သို့မဟုတ်-

(ခ) မိမိလက်ရှိဖြစ်သည့်သတင်းကို နိုင်ငံခြားအစိုးရအကျိုးအတွက် သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် နိုင်ငံလုံခြုံရေး ထိခိုက်စေရန်အတွက် အသုံးပြုလျှင် သို့မဟုတ်-

(ဂ) ထိုပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု သို့မဟုတ် စာတမ်းအမှတ် အသားကို မိမိလက်ဝယ်တွင် ဖြစ်စေ၊ မိမိ၏ကြီးကြပ်မှုအောက်တွင်ဖြစ်စေ၊ ဆက်လက်ထားပိုင်ခွင့်မရှိဘဲလျက် သို့မဟုတ် မိမိ၏တာဝန်ဝတ္တရားအရ

ဆက်လက်မထားသင့်ဘဲလျက် ဆက်လက်ထားရှိလျှင် သို့မဟုတ် ၎င်းတို့ကို ပြန်ပေးခြင်းနှင့်သော်လည်းကောင်း၊ စီမံခန့်ခွဲခြင်းနှင့်သော်လည်းကောင်း စပ်လျဉ်း၍ တရားဥပဒေနှင့်အညီ ခန့်ထားသော အာဏာပိုင်ကထုတ်ဆင့်သည့် ညွှန်ကြားချက်အားလုံးကို လိုက်နာရန် တမင်ပျက်ကွက်လျှင် သို့မဟုတ်-

(ဃ) ထိုပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ စာတမ်းအမှတ်အသား၊ လျှို့ဝှက်ထားသည့် အစိုးရစကားဝှက်၊ ကင်းစကားဝှက် သို့မဟုတ် သတင်းကို သင့်တင့်လျောက်ပတ်စွာ ထိန်းသိမ်းရန် ပျက်ကွက်လျှင် သို့မဟုတ် ယင်းတို့၏ လုံခြုံမှုကို အန္တရာယ်ဖြစ်စေလောက်အောင် ပြုမူလျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူဖြစ်စေရမည်။

(၂) မည်သူမဆို လျှို့ဝှက်ထားသည့် အစိုးရစကားဝှက် သို့မဟုတ် ကင်းစကားဝှက် တစ်ခုခုကိုသော်လည်းကောင်း ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ စာတမ်းအမှတ်အသား သို့မဟုတ် သတင်းတစ်ခုခုကိုသော်လည်းကောင်း လက်ခံစဉ်က ထိုစကားဝှက်၊ ကင်းစကားဝှက်၊ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ စာတမ်းအမှတ်အသား သို့မဟုတ် သတင်းကို ဤဥပဒေနှင့်ဆန့်ကျင်၍ ဆက်သွယ်အကြောင်းကြားခြင်းကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်း ယုတ္တိရှိလျက်နှင့်ဖြစ်စေ၊ အလိုအလျောက် လက်ခံလျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူဖြစ်စေရမည်။

(၃) မည်သူမဆို စက်ပစ္စည်းနှင့်သက်ဆိုင်သည့် ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ စာတမ်းအမှတ်အသား သို့မဟုတ် သတင်းတစ်ခုခုကို မိမိ၏ လက်ဝယ်တွင် သို့မဟုတ် မိမိ၏ကြီးကြပ်မှုအောက်တွင် ထားရှိသူ ဖြစ်သည့်အားလျော်စွာ နိုင်ငံခြားအစိုးရအား နိုင်ငံလုံခြုံရေးသို့မဟုတ် အကျိုးကို ထိခိုက်အောင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ဆက်သွယ်အကြောင်းကြားလျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူဖြစ်စေရမည်။

(၄) ဤပုဒ်မအရ ဖြစ်သော ပြစ်မှုကျူးလွန်သူသည် နှစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

ပုဒ်မ ၆။ (၁) မည်သူမဆို ပိတ်ပင်ထားမြစ်ထားသည့်နေရာသို့ မိမိဝင်ရောက်ခွင့်ရလိုသော ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း၊ ဝင်ရောက်ခွင့်ရအောင် သူတစ်ပါးအား ကူညီလိုသော ရည်ရွယ်ချက်ဖြင့် သော်လည်းကောင်း၊ နိုင်ငံလုံခြုံရေးကို ထိခိုက်စေလိုသော အခြားရည်ရွယ်ချက် တစ်ခုခုဖြင့်သော်လည်းကောင်း-

(က) တရားဥပဒေနှင့်အညီ ပေးအပ်ထားသော အခွင့်အမိန့်မရဘဲ ရေတပ်၊ ကြည်းတပ်၊ လေတပ်၊ ရဲ သို့မဟုတ် အခြားအရာထမ်း၊ အမှုထမ်းနှင့် သက်ဆိုင်သော ဝတ်စုံများကိုဖြစ်စေ၊ လိမ်လည်လှည့်ဖြားနိုင်လောက်အောင် အဆိုပါဝတ်စုံနှင့် ပုံသဏ္ဌာန်တူသော ဝတ်စုံတစ်ခုခုကိုဖြစ်စေ အသုံးပြုလျှင် သို့မဟုတ် ဝတ်ဆင်လျှင် သို့မဟုတ် မိမိသည် အဆိုပါ ဝတ်စုံတစ်ခုခု အသုံးပြုပိုင်ခွင့် သို့မဟုတ် ဝတ်ဆင်ပိုင်ခွင့်ရှိသူ ဖြစ်သည်ဟု မဟုတ်မမှန်ပြောဆိုလျှင်၊ သို့မဟုတ်

(ခ) မဟုတ်မမှန်သောအကြောင်းအရာတစ်ခုခုကို နှုတ်ဖြင့်ဖြစ်စေ၊ မိမိလက်မှတ်ရေးထိုးထားသည့် သို့မဟုတ် မိမိကိုယ်စား လက်မှတ်ရေးထိုးထားသည့် ထုတ်ဖော်ပြောဆိုချက်၊ လျှောက်လွှာ သို့မဟုတ် စာတမ်းအမှတ်အသား တစ်ခုခုတွင် စာဖြင့်ဖြစ်စေ၊ သိလျက်နှင့်ထွက်ဆိုဖော်ပြလျှင် သို့မဟုတ် ထွက်ဆိုဖော်ပြရာတွင် အလိုတူအလိုပါဖြစ်လျှင် သို့မဟုတ်အကြောင်းအရာတစ်ခုကို နှုတ်ဖြင့်ဖြစ်စေ၊ မိမိလက်မှတ်ရေးထိုးထားသည့်သို့မဟုတ် မိမိကိုယ်စား လက်မှတ်ရေးထိုးထားသည့် ထုတ်ဖော်ပြောဆိုချက်၊ လျှောက်လွှာ သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုတွင် စာဖြင့်ဖြစ်စေ ထွက်ဆိုဖော်ပြသင့်သည့်အတိုင်း သိလျက်နှင့် ထွက်ဆိုဖော်ပြခြင်းမပြုဘဲ ထိန်ချန်ထားလျှင် သို့မဟုတ် ထိန်ချန်ထားရာတွင် အလိုတူ အလိုပါဖြစ်လျှင်၊

(ဂ) ဤပုဒ်မတွင် နောက်၌ အစိုးရစာတမ်း အမှတ်အသားဟူ၍ ရည်ညွှန်းသည့် နိုင်ငံကူးလက်မှတ်၊ ရေတပ်၊ ကြည်းတပ်၊ လေတပ်၊ ရဲ သို့မဟုတ် **တရားဝင်လက်မှတ်၊ ခွင့်ပြုမိန့်၊ သက်သေခံလက်မှတ်၊** လိုင်စင် သို့မဟုတ် အခြားအလားတူ စာတမ်းအမှတ်အသားတစ်ခုခုကို လိမ်လည်အတုပြုလျှင် သို့မဟုတ် ပြောင်းလဲလျှင် သို့မဟုတ် ပြင်ဆင်လျှင် သို့မဟုတ် ထိုသို့ လိမ်လည်အတုပြုထားသည့် သို့မဟုတ် ပြောင်းလဲထားသည့် သို့မဟုတ် စည်းကမ်းနည်းလမ်းမကျသည့် အစိုးရစာတမ်း၊ အမှတ်အသားကို သိလျက်နှင့် အသုံးပြုလျှင် သို့မဟုတ် လက်ရှိထားလျှင် သို့မဟုတ်

(ဃ) အစိုးရဝန်ထမ်း ရာထူးတစ်ခုခု၌ လက်ရှိဆောင်ရွက်နေသူ အယောင်ဆောင်ခြင်း၊ အစိုးရဝန်ထမ်းရာထူး၌ လက်ရှိဆောင်ရွက်နေသူထံတွင် အလုပ်လုပ်ကိုင်လျက်ရှိသူ အယောင်ဆောင်ခြင်း၊ အစိုးရစာတမ်း အမှတ်အသား သို့မဟုတ် လျှို့ဝှက်ထားသည့် အစိုးရစကားဝှက် သို့မဟုတ် ကင်းစကားဝှက်ကို

နည်းလမ်းတကျ ထုတ်ပေးခြင်း သို့မဟုတ် ပြောကြားခြင်းခံရသူ သို့မဟုတ် ထိုသို့ထုတ်ပေးခြင်း သို့မဟုတ် ဆက်သွယ်အကြောင်းကြားခြင်းမခံရသူ အယောင်ဆောင်ခြင်းပြုလျှင်သို့မဟုတ် မိမိမှာ ထိုသူဖြစ်သည်ဟု မဟုတ်မမှန် ဖော်ပြလျှင် သို့မဟုတ် အစိုးရစာတမ်း အမှတ်အသား၊ လျှို့ဝှက်ထားသည့် အစိုးရစကားဝှက်သို့မဟုတ် ကင်းစကားဝှက်ကို မိမိအတွက်ဖြစ်စေ၊ သူတစ်ပါး အတွက်ဖြစ်စေ ရယူလိုသော အကြံဖြင့် မဟုတ်အမှန်သော အကြောင်းအရာကို သိလျက်နှင့် ဖော်ပြလျှင်၊

( င) အစိုးရဌာန တစ်ခုခုကသော်လည်းကောင်း၊ အစိုးရ၏ အခွင့်အမိန့်ဖြင့် ခန့်ထားသည့် သို့မဟုတ် အစိုးရ၏ အခွင့်အမိန့်အရ ဆောင်ရွက်သည့် သံတမန်ရေတပ်၊ ကြည်းတပ်၊ သို့မဟုတ် လေတပ် အာဏာပိုင်တစ်ဦးဦးကသော်လည်းကောင်း ပိုင်ဆိုင်သည့် သို့မဟုတ် အသုံးပြုသည့် သို့မဟုတ် ပြုလုပ်သည့် စီမံထားရှိသည့် **သွန်းပုံ၊ တံဆိပ်တုံး** သို့မဟုတ် **တံဆိပ်**တစ်ခုခုကိုဖြစ်စေ၊ လိမ်လည်လှည့်ဖြားနိုင်သည်ဟု တွက်ချင့်နိုင်လောက်အောင် အဆိုပါ သွန်းပုံ၊ တံဆိပ်တုံး သို့မဟုတ် တံဆိပ်နှင့် ပုံသဏ္ဌာန်တူသော သွန်းပုံ၊ တံဆိပ်တုံး၊ သို့မဟုတ် တံဆိပ်တစ်ခုခုကိုဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၏ သို့မဟုတ် သက်ဆိုင်ရာ အာဏာပိုင်၏အခွင့်အမိန့်မရဘဲ အသုံးပြုလျှင် သို့မဟုတ် မိမိ၏လက်ဝယ်တွင်သော်လည်းကောင်း၊ မိမိ၏ကြီးကြပ်မှုအောက်တွင် သော်လည်းကောင်း ထားရှိလျှင် သို့မဟုတ် အဆိုပါ သွန်းပုံ၊ တံဆိပ်တုံး သို့မဟုတ် တံဆိပ်တစ်ခုခုကို အတုပြုလုပ်လျှင် သို့မဟုတ် ထိုသို့ အတုပြုလုပ်ထားသော သွန်းပုံ၊ တံဆိပ်တုံး သို့မဟုတ် တံဆိပ်တစ်ခုခုကို သိလျက်နှင့် အသုံးပြုလျှင် သို့မဟုတ် မိမိ လက်ဝယ်တွင် သော်လည်းကောင်း၊ မိမိ၏ ကြီးကြပ်မှုအောက်တွင် သော်လည်းကောင်း ထားရှိလျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူ ဖြစ်စေရမည်။

(၂) မည်သူမဆို နိုင်ငံလုံခြုံရေးကို ထိခိုက်စေလိုသော ရည်ရွယ်ချက်ဖြင့်-

(က) အစိုးရစာတမ်းအမှတ်အသားတစ်ခုခုမှာ ပြီးပြည့်စုံသည့် စာတမ်းအမှတ်အသား သို့မဟုတ် အသုံးပြုရန် ထုတ်ပေးထားသော စာတမ်းအမှတ်အသား ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ထိုစာတမ်းအမှတ်အသားကို မိမိ၏ လက်ဝယ် ဆက်လက်ထားရှိပိုင်ခွင့်မရှိသည့်အခါတွင် သို့မဟုတ် မိမိ၏ လက်ဝယ် ဆက်လက်ထားရှိရန် တာဝန်ဝတ္တရားနှင့် ဆန့်ကျင်သည့်အခါတွင် မိမိ၏လက်ဝယ်မထားရှိသင့်ဘဲလျက် ဆက်လက်ထားရှိလျှင် သို့မဟုတ်

အဆိုပါ စာတမ်းအမှတ်အသားကို ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ အစိုးရဌာန တစ်ခုခုကသော်လည်းကောင်း အဆိုပါဌာနက အာဏာအပ်နှင်းထားသည့်သူ တစ်ဦးဦးကသော်လည်းကောင်း ထုတ်ဆင့်သည့် ညွှန်ကြားချက်များကို လိုက်နာရန် တမင်ပျက်ကွက်လျှင် သို့မဟုတ်

( ခ ) မိမိတစ်ဦးတည်း အသုံးပြုရန် ထုတ်ပေးထားသည့်အစိုးရစာတမ်းအမှတ်အသားတစ်ခုခုကို သူတစ်ပါးအား လက်ရှိထားခွင့်ပြုလျှင် သို့မဟုတ် ထိုသို့ထုတ်ပေးသော လျှို့ဝှက်ထားသည့် အစိုးရစကားဝှက် သို့မဟုတ် ယင်းသို့စကားဝှက်တစ်ခုခုကို ဆက်သွယ်အကြောင်းကြားလျှင် သို့မဟုတ် မိမိမှတစ်ပါး အခြားသူတစ်ဦးဦးအသုံးပြုရန် ထုတ်ပေးထားသည့် အစိုးရစာတမ်းအမှတ်အသားလျှို့ဝှက်ထားသည့်အစိုးရစကားဝှက် သို့မဟုတ် ကင်းစကားဝှက်တစ်ခုခုကို တရားဥပဒေနှင့်အညီ အခွင့်အမိန့် သို့မဟုတ် အကြောင်းပြချက်မရှိဘဲ လက်ရှိထားလျှင် သို့မဟုတ် အစိုးရ စာတမ်းအမှတ်အသားတစ်ခုခုကို ကောက်ရ၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လက်ရှိဖြစ်လာသည့်အခါတွင် အဆိုပါစာတမ်းအမှတ်အသား ထုတ်ပေးထားသည့်သူ သို့မဟုတ် အာဏာပိုင်အားသော်လည်းကောင်း၊ အဆိုပါစာတမ်းအမှတ်အသားအသုံးပြုရန် ထုတ်ပေးထားသည့်သူ သို့မဟုတ် အာဏာပိုင်အားသော်လည်းကောင်း ရဲအရာရှိအားသော်လည်းကောင်း ပြန်လည်ပေးအပ်ရန် တမင်ပျက်ကွက်လျှင် သို့မဟုတ်

( ဂ ) အထက်တွင် ဆိုခဲ့သည့် သွန်းပုံ၊ တံဆိပ်တုံး၊ သို့မဟုတ် တံဆိပ်တစ်ခုခုကို တရားဥပဒေနှင့်အညီ အခွင့်အမိန့် သို့မဟုတ် အကြောင်းပြချက်မရှိဘဲ ပြုလုပ်လျှင် သို့မဟုတ် ရောင်းချလျှင် သို့မဟုတ် ရောင်းချရန် မိမိလက်ဝယ်တွင် ထားရှိလျှင်၊ ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူဖြစ်စေရမည်။

(၃) ဤပုဒ်မအရ ပြစ်မှုတစ်ခုခု ကျူးလွန်သူသည် နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(၄) ပုဒ်မ ၃ ပုဒ်မခွဲ (၂)ပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံလုံခြုံရေး သို့မဟုတ် အကျိုးကို ထိခိုက်စေလိုသည့်ရည်ရွယ်ချက်ကို သက်သေထင်ရှားပြရန်အလို့ငှာ ထိုပုဒ်မအရ တစ်ဆယ့်လေးနှစ်အထိ ထောင်ဒဏ်ထိုက်သည့်ပြစ်မှုများအတွက် တရားစွဲဆိုမှုများနှင့်သက်ဆိုင်သည့်နည်းတူ နိုင်ငံလုံခြုံရေး ထိခိုက်စေမည့်ရည်ရွယ်ချက်ကို သက်သေထင်ရှားပြရန် အလို့ငှာ အစိုးရ၏ ရေတပ်၊ ကြည်းတပ်၊ သို့မဟုတ် လေတပ်ရေးရာကိစ္စများနှင့်သော်လည်းကောင်း၊ လျှို့ဝှက်ထားသည့်အစိုးရ စကား

ဝှက်တစ်ခုခုနှင့်သော်လည်းကောင်း စပ်လျဉ်း၍ ဤပုဒ်မအရ ပြစ်မှုတစ်ခုခုအတွက် တရားစွဲဆိုမှုတစ်ခုခုနှင့်လည်း သက်ဆိုင်စေရမည်။

ပုဒ်မ ၇။ (၁) ပိတ်ပင်တားမြစ်ထားသည့် နေရာတစ်ခုခု၏ အနီးတစ်ဝိုက်တွင် မည်သူမျှ ရဲအရာရှိတစ်ဦးဦးကိုသော်လည်းကောင်း၊ အဆိုပါ ပိတ်ပင်တားမြစ်ထားသည့်နေရာနှင့် စပ်လျဉ်း၍ အစောင့်အကြပ်တာဝန်၊ ကင်းလှည့်တာဝန် သို့မဟုတ် အခြားအလားတူတာဝန်ဝတ္တရားဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ တပ်ဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ ဟန့်တားခြင်းမပြုရ၊ သို့မဟုတ် သိလျက်နှင့် အလွဲလမ်းညွှန်ခြင်းမပြုလုပ်ရ၊ သို့မဟုတ် အခြားနည်းဖြင့် နှောင့်ယှက်တားဆီးခြင်းမပြုရ။

(၂) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည့်ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်လျှင် နှစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

ပုဒ်မ ၈။ (၁) မည်သူမဆို ပုဒ်မ ၃ အရ ဖြစ်သော သို့မဟုတ် ပုဒ်မ ၉ နှင့်တွဲ၍ ဖက်ရှုရမည့်ပုဒ်မ ၃ အရ ပြစ်မှု သို့မဟုတ် မသင်္ကာဖွယ်ဖြစ်သည့်ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ မိမိသိရှိရသမျှ သတင်းပေးရန် ရဲဝန်ကသော်လည်းကောင်း ဤကိစ္စအလို့ငှာ ရဲချုပ် သို့မဟုတ် ရဲမင်းကြီးက အာဏာအပ်နှင်းထားသည့် ရဲမှူး ရာထူးအောက်မနိမ့်သော အခြားရဲအရာရှိကသော်လည်းကောင်း၊ အစောင့်အကြပ်တာဝန်၊ ကင်းတာဝန်၊ ကင်းလှည့်တာဝန် သို့မဟုတ် အခြားအလားတူ တာဝန်ဝတ္တရားဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ တပ်ဖွဲ့ဝင် တစ်ဦးဦးကသော်လည်းကောင်း တောင်းဆိုလျှင် ထိုသို့တောင်းဆိုသည့် အတိုင်း ပေးရန်တာဝန်ရှိစေရမည့်အပြင် ထိုသို့ သတင်းပေးရန် အလို့ငှာ သီးခြားဖော်ပြထားသည့် သင့်လျော်သော အချိန်တွင် သီးခြားဖော်ပြထားသည့် နေရာသို့ လာရောက်စေလို၍ သင့်တော်သော စရိတ်များ ပေးသည့်အခါ လာရောက်ရန် တာဝန်လည်းရှိစေရမည်။

(၂) မည်သူမဆိုသတင်းပေးရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခေါ်ယူသည့်အခါ၌ လာရောက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

ပုဒ်မ ၉။ မည်သူမဆို ဤအက်ဥပဒေအရ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်စေရန် အားပေးကူညီလျှင် အဆိုပါ ပြစ်မှုကို မိမိကိုယ်တိုင် ကျူးလွန် ဘိသကဲ့သို့ အလားတူ အရေးယူခြင်းခံရမည့်အပြင် အလားတူ ပြစ်ဒဏ် ချမှတ်ခြင်းလည်း ခံရမည်။

ပုဒ်မ ၁၀။ (၁) မည်သူမဆို ပုဒ်မ ၃အရ ဖြစ်သော သို့မဟုတ် ပုဒ်မ ၉ နှင့်အတူ တွဲ၍ ဖတ်ရှုရမည့် ပုဒ်မ ၃ အရ ဖြစ်သော ပြစ်မှုတစ်ခုခု ကျူးလွန်မည့်ဆဲဆဲဖြစ်သူဟူ၍သော်လည်းကောင်း၊ ကျူးလွန်ပြီးဖြစ်သူဟူ၍သော်လည်းကောင်း၊ မိမိသိရှိရသော သို့မဟုတ် ယူဆရန်အကြောင်း ယုတ္တိရှိသောသူ တစ်ဦးဦးကို သိလျက်နှင့် လက်သင့်ခံလျှင် သို့မဟုတ် ထိုသူတို့အား မိမိလက်ရှိ နေထိုင်သည့် သို့မဟုတ် မိမိ၏ကြီးကြပ်မှုအောက်တွင်ရှိသည့် ဥပစာတစ်ခုခု၌ စည်းဝေးရန် သို့မဟုတ် စုရုံးရန် သိလျက်နှင့် ခွင့်ပြုလျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူ ဖြစ်စေရမည်။

(၂) မည်သူမဆို အထက်တွင် ဖော်ပြခဲ့သည့် သူတစ်ဦးကို လက်သင့်ခံထားပြီးနောက် သို့မဟုတ် အထက်တွင် ဖော်ပြခဲ့သည့်သူတို့အား မိမိလက်ရှိ နေထိုင်သည့် သို့မဟုတ် မိမိ၏ကြီးကြပ်မှုအောက်တွင်ရှိသည့် ဥပစာတစ်ခုခု၌စည်းဝေးရန် သို့မဟုတ် စုရုံးရန် ခွင့်ပြုခဲ့ပြီးနောက် ထိုသူ သို့မဟုတ် ထိုသူတို့နှင့်ပတ်သက်၍ မိမိသိရှိရသမျှ သတင်းပေးရန် ရဲဝန်ကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ ရဲချုပ် သို့မဟုတ် ရဲမင်းကြီးက အာဏာအပ်နှင်းထားသည့် ရဲမှူး ရာထူးအောက် မနိမ့်သော အခြားရဲအရာရှိကသော်လည်းကောင်း တောင်းဆိုလျှင် ထိုသို့တောင်းဆို သည့်အတိုင်း ပေးရန် တာဝန်ရှိစေရမည်။ ထို့ပြင် မည်သူမဆို အဆိုပါ သတင်း တစ်ရပ်ရပ်ပေးရန် ပျက်ကွက်လျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူ ဖြစ်စေရမည်။

(၃) ဤ ပုဒ်မအရ ပြစ်မှုကို ကျူးလွန်သူသည် နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

ပုဒ်မ ၁၁။ (၁) ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး သို့မဟုတ် နယ်ပိုင်ရာဇဝတ် တရားသူကြီး တစ်ဦးဦးသည် ဤအက်ဥပဒေအရ ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့ကြောင်း သို့မဟုတ် ကျူးလွန်မည့်ဆဲဆဲဖြစ်ကြောင်း၊ မသင်္ကာဖွယ်ရာအကြောင်း ယုတ္တိရှိသည်ဟု ကျမ်းကျိန်ဆို၍ ပေးသည့်သတင်းရသဖြင့် ယုံကြည်ကျေနပ်လျှင် ရှာဖွေဝရမ်းထုတ်၍ ထိုရှာဖွေဝရမ်းတွင် အမည်ဖော်ပြထားသည့် ရဲစခန်း တာဝန်ခံအရာရှိ ရာထူးအောက်မနိမ့်စေဘဲ ရဲအရာရှိ တစ်ဦးဦးအား ထိုဝရမ်းတွင် အမည်ဖော်ပြထားသည့် ဥပစာသို့မဟုတ် နေရာတစ်ခုခုသို့ အချိန်မရွေး အတင်းအကျပ် ဝင်ရောက်ရန်လိုအပ်လျှင် ထိုသို့ လိုအပ်သည့်အတိုင်း ဝင်ရောက်၍ ထိုဥပစာ သို့မဟုတ် နေရာနှင့် ယင်းတို့တွင် တွေ့ရှိရသူတိုင်းကို ရှာဖွေရန် အာဏာအပ်နှင်းနိုင်သည့်အပြင် ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ သို့မဟုတ် အလားတူ ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ ဤအက်ဥပဒေအရ ပြစ်မှုကို ကျူးလွန်ခဲ့

ကြောင်း၊ သို့မဟုတ် ကျူးလွန်မည့်ဆဲဆဲဖြစ်ကြောင်း သက်သေခံဖြစ်သော ပစ္စည်းများ တစ်ခုခုကိုသော်လည်းကောင်း၊ ထိုဥပစာ သို့မဟုတ် နေရာတွင်ဖြစ်စေ ထိုသို့ [illegible] ထံတွင် ဖြစ်စေ၊ တွေ့ရှိလျှင် ထိုသို့ ယင်းတို့နှင့်ပတ်သက်၍ ဤအက်ဥပဒေအရ ပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု သို့မဟုတ် ကျူးလွန်မည့်ဆဲဆဲဖြစ်သည်ဟု မိမိ မသင်္ကာဖွယ်ရာအကြောင်း ယူဆတ္တိရှိလျှင် သိမ်းဆည်းရန် အာဏာအပ်နှင်းနိုင်သည်။

(၂) အမှုသည် လွန်စွာအရေးကြီး၍ နိုင်ငံအကျိုးငှာ ချက်ချင်းအရေးယူရန် လိုအပ်သည့် အမှုဖြစ်သည်ဟု ရဲဝန်ထမ်းရာထူးအောက်မနိမ့်သည့် ရဲအရာရှိ တစ်ဦးဦးက ထင်မြင်သဘောရရှိလျှင် ထိုရဲအရာရှိသည် ဤပုဒ်မအရ ရာဇဝတ်တရားသူကြီးက ဝရမ်းဖြင့်ပေးအပ်သည့် အာဏာမျိုးကို မိမိ၏လက်မှတ်ရေးထိုးထားသည့် အမိန့်စာဖြင့် ရဲအရာရှိ တစ်ဦးဦးအား ပေးအပ်နိုင်သည်။

(၃) ရဲအရာရှိ တစ်ဦးဦးသည် ပုဒ်မခွဲ (၂)အရ အရေးယူဆောင်ရွက်ခဲ့လျှင် ထိုသို့ အရေးယူဆောင်ရွက်ပြီးကြောင်း ခရိုင်ရာဇဝတ်တရားသူကြီးထံသို့ဖြစ်စေ၊ နယ်ပိုင်ရာဇဝတ် တရားသူကြီးထံသို့ဖြစ်စေ ဆောလျင်နိုင်သမျှ ဆောလျင်စွာ အစီရင်ခံရမည်။

ပုဒ်မ ၁၂။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ-

(က) ပုဒ်မ ၃ အရ ဖြစ်စေ၊ ပုဒ်မ ၉ နှင့်အတူ တွဲ၍ ဖတ်ရှုရမည့် ပုဒ်မ ၃အရဖြစ်စေ၊ တစ်ဆယ့်လေးနှစ်အထိ ထောင်ဒဏ်ထိုက်သည့် ပြစ်မှုသည် ရဲအရေးပိုင်၍ အာမခံရယူခွင့်မရှိသော ပြစ်မှုဖြစ်စေရမည်။

(ခ) ပုဒ်မ ၆ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (က)အရ ဖြစ်သော ပြစ်မှုသည် ရဲအရေးပိုင်၍ အာမခံရယူခွင့်ရှိသော ပြစ်မှု ဖြစ်စေရမည်။

(ဂ) ဤအက်ဥပဒေအရ အခြားပြစ်မှုသည် ရဲအရေးမပိုင်၍ အာမခံရယူခွင့်ရှိသော ပြစ်မှုများဖြစ်စေရမည်။ ထိုပြစ်မှုများနှင့် စပ်လျဉ်း၍ လူဖမ်းဝရမ်းကို သာမန်အားဖြင့် ရှေးဦးစွာ ထုတ်ဆင့်ရမည်။

ပုဒ်မ ၁၃။ (၁) နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ အာဏာအထူးအပ်နှင်းထားသည့် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးရုံးမှတစ်ပါး၊ ခရိုင်ရာဇဝတ် တရားသူကြီးရုံးအောက်နိမ့်သော မည်သည့်တရားရုံးကမျှ ဤအက်ဥပဒေအရ ပြစ်မှုတစ်ခုခုကို စစ်ဆေးစီရင်ခြင်း မပြုရ။

(၂) ဤအက်ဥပဒေအရ ပြစ်မှုတစ်ခုခုအတွက် ရာဇဝတ်တရားသူကြီးတစ်ဦး၏ရှေ့၌ စစ်ဆေးစီရင်ခြင်းခံရသူ တစ်ဦးဦးက စက်ရှင်တရားရုံး၏ စစ်ဆေးစီရင်ခြင်းကို ခံလိုသည်ဟု စွဲချက်မတင်မီ မည်သည့်အချိန်တွင်မဆို တောင်းဆိုလျှင် ထိုအမှုသည်

စက်ရှင်တရားရုံးကသာ စစ်ဆေးစီရင်နိုင်သော အမှုမဟုတ်စေကာမူ ယင်းရာဇဝတ်တရားသူကြီးက တရားခံကို တရားရှင် လွှတ်မပေးခဲ့လျှင် ထိုအမှုကို စက်ရှင်တရားရုံး၌ စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ရမည်။

(၃) မည်သည့်တရားရုံးကမျှ ဤအက်ဥပဒေအရ ပြစ်မှုတစ်ခုခုကို နိုင်ငံတော်သမ္မတ၏ အမိန့်ဖြင့် သို့မဟုတ် နိုင်ငံတော်သမ္မတထံမှ အခွင့်အာဏာအရ သို့မဟုတ် နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသည့် အရာရှိတစ်ဦးဦး၏ အမိန့်ဖြင့် သို့မဟုတ် ထိုအရာရှိထံမှ အခွင့်အာဏာအရ တိုင်တန်းခြင်းမပြုဘဲ အရေးမယူရ။ သို့ရာတွင် ထိုသို့ တိုင်တန်းခြင်း မပြုစေကာမူ အဆိုပါ ပြစ်မှုဖြင့် စွပ်စွဲခံရသူကို ဖမ်းဆီးနိုင်သည် သို့မဟုတ် ဖမ်းဆီးရန် ဝရမ်းထုတ်ဆင့်၍ ထိုဝရမ်းကို အတည်ပြုနိုင်သည့်အပြင် ထိုသူအားလည်း ချုပ်ထားနိုင်သည်၊ သို့မဟုတ် အာမခံဖြင့် လွှတ်ထားနိုင်သည်၊သို့သော်လည်း ထိုသို့တိုင်တန်းခြင်း မပြုရသေးမီ နောက်ထပ် သို့မဟုတ် အခြားနည်း အရေးယူခြင်းမပြုရ။

(၄) ဤအက်ဥပဒေအရ ပြစ်မှုတစ်ခုခုအတွက် တစ်ဦးတစ်ယောက်သောသူကို စစ်ဆေးစီရင်နိုင်ရန် အလို့ငှာ ထိုပြစ်မှုကို အမှန်တကယ် ကျူးလွန်ရာဒေသ၌ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပြစ်မှုကျူးလွန်သူအား တွေ့ရှိရာ ဒေသတစ်ခုခု၌ ဖြစ်စေ ကျူးလွန်သည်ဟု မှတ်ယူရမည်။

ပုဒ်မ ၁၄။ မှုခင်းဆောင်ရွက်နေစဉ်အတွင်း ပြည်သူတို့အား အမှုကြားနာသည့် နေရာမှ ဖယ်ရှားထားရန်အမိန့်ဆင့်နိုင်သော တရားရုံး၌ရှိသည့် အာဏာများအပြင် ထိုအာဏာများကို မထိခိုက်စေဘဲ ဤအက်ဥပဒေအရ ပြစ်မှုမြောက်သော ပြစ်မှုတစ်ခုခုအတွက် တစ်ဦးတစ်ယောက်သော သူနှင့်ပတ်သက်၍ တရားရုံးတွင် မှုခင်းကိစ္စဆောင်ရွက်နေစဉ် ဖြစ်စေ၊ အယူခံမှုဆောင်ရွက်နေစဉ်ဖြစ်စေ၊ ဤအက်ဥပဒေအရ တစ်ဦးတစ်ယောက်သောသူကို စစ်ဆေးစီရင်နေစဉ်ဖြစ်စေ၊ ထိုမှုခင်းဆောင်ရွက်နေစဉ်အတောအတွင်း ထွက်ဆိုသည့် သက်သေခံချက် သို့မဟုတ် ဖော်ပြသည့် အကြောင်းအရာတစ်ခုခုကို အများကြားသိစေပါက နိုင်ငံလုံခြုံရေးကို ထိခိုက်စေမည် ဖြစ်သည်ဟု အကြောင်းပြ၍ ပြည်သူအားလုံး သို့မဟုတ် အချို့အဝက်ကို အမှုကြားနာစစ်ဆေးသည့်အချိန်ကာလ တစ်စိတ်တစ်ဒေသအတွင်း ဖယ်ရှားထားရန် တရားလိုဘက်ကလျှောက်ထားလျှင် ထိုသို့လျှောက်ထားသည့်

အတိုင်းတရားရုံးက အမိန့်ချမှတ်ရမည်၊ သို့သော်လည်း ပြစ်ဒဏ်စီရင်ချက်ကိုမူ မည်သည့်ကိစ္စတွင်မဆို ပြည်သူအများ၏ရှေ့မှောက်၌ ချမှတ်ရမည်။

ပုဒ်မ ၁၅။ ဤအက်ဥပဒေအရ ပြစ်မှုကို ကျူးလွန်သူသည် ကုမ္ပဏီသော်လည်းကောင်း၊ ကော်ပိုရေးရှင်းသော်လည်းကောင်း ဖြစ်လျှင် ထိုကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်း၏ ဒါရိုက်တာနှင့် အရာရှိတိုင်းသည် ထိုပြစ်မှု ကျူးလွန်ခဲ့သည်ကို မိမိကိုယ်တိုင် သိရှိ၍ သဘောတူသူဖြစ်ပါက ထိုပြစ်မှုကို ကျူးလွန်ခဲ့သူဖြစ်စေရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၁၁)**

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
(၂၀၁၁ ခုနှစ်၊ မေလ ၂၅ ရက်)

---

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ အရ အောက်ပါတရားသူကြီးများအား ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေ(The Myanmar Official Secrets Act,1923) အရ စွဲဆိုတင်ပို့သော အမှုကို စစ်ဆေးစီရင်ရန်အတွက် အာဏာအပ်နှင်းလိုက်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတိုင်းတရားသူကြီး

(ဂ) ခရိုင်တရားသူကြီး

(ဃ) ဒုတိယခရိုင်တရားသူကြီး

၂။ ယခင် တရားရုံးချုပ်၏ ၁၉၈၉ ခုနှစ်၊ မတ်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၁/၈၉)ကို ဤအမိန့်ကြော်ငြာစာဖြင့် ရုပ်သိမ်းလိုက်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၃၄၆/ လထန / ၂၀၁၁
ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ မေလ ၂၅ ရက်

၆။ **အခွင့်ရအရာရှိ၏ လုပ်ပိုင်ခွင့်များ**

အခွင့်ရအရာရှိ၏ နောက်ထပ် အာဏာများကို သတ်မှတ်ထားသည်။ ပုဒ်မ ၃ အရ နို့တစ်ပေး၍ ပြန်တမ်းကွင် ကြေညာပြီး အခွင့်ရအရာရှိက ပုဒ်မ ၄(၂) အရ ၎င်း၏ ဝန်ထမ်းများနှင့် အလုပ်သမားများအား အဆောက်အအုံများကို ဖြိုဖျက်ခြင်း၊ သစ်ပင်များကို ခုတ်လှဲခြင်း၊ ကမ်းပါး၊ ရေမြောင်းနှင့် ခြံစည်းရိုးများကို ဖယ်ရှားခြင်း၊ ပြောင်းလဲခြင်း၊ မြေအောက်ရေပြွန်၊ ရေမြောင်းများ ပြုလုပ်ခြင်း၊ တွင်းများဖြည့်ခြင်းနှင့် မြေညှိခြင်း စသည့်လုပ်ပိုင်ခွင့်များ ရှိသည်။ **(ပုဒ်မ ၆)**။

၇။ **တားမြစ်ချက်များ ကြေညာခြင်း**

တပ်မတော်လုပ်ငန်းများအတွက် ပုဒ်မ ၃(၂) အရ နို့တစ်စာကြေညာပြီးနောက် နိုင်ငံတော်သမ္မတက တားမြစ်ချက်များကို ကြေညာနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းတားမြစ်ချက်များတွင် လုပ်ကွက်မှ ကိုက် ၂၀၀ နယ်နိမိတ်၊ ကိုက် ၅၀၀ နယ်နိမိတ်၊ ကိုက် ၁၀၀၀ နယ်နိမိတ် ဟူ၍ နယ်နိမိတ် ၃ ပိုင်းသတ်မှတ်ပြီး နယ်နိမိတ်တစ်ခုချင်းအလိုက် မည်သည့်ကိစ္စများကိုမဆို ပြုလုပ်ရန် တားမြစ်ထားသည်။ **(ပုဒ်မ ၇)**။

၈။ **နို့တစ်စာမပေးဘဲ တရားမစွဲရ**

ဤဥပဒေအရ မည်သည့်ပြစ်မှုကိုမျှ တစ်လကြိုတင်၍ နို့တစ်မပေးဘဲ တရားမစွဲရ။ **(ပုဒ်မ ၄၁)**။

## အခန်း (၆)

## မြန်မာနိုင်ငံ အစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေ
## ( The Myanmar Official Secrets Act., Act XIX, 1923 )
## ( Myanmar Code Vol. II, P. 182 )

၁။ **ပြင်ဆင်သည့် ဥပဒေ**

ဤအက်ဥပဒေတွင် ၁၉၅၄ ခုနှစ်နောက်ပိုင်း ပြင်ဆင်သည့် ဥပဒေမရှိပါ။

၂။ အာဏာတည်သည့် နေ့ရက်

ဤအက်ဥပဒေသည် ၂-၄-၂၃ ရက်နေ့မှစ၍ အာဏာတည်သည်။ [ယခင် The Myanmar General Clauses Act ပုဒ်မ ၄(၁)]၊ (Myanmar Code Vol. II, P. 182)။

၃။ သက်ဆိုင်ခြင်းနှင့် အာဏာသက်ရောက်ခြင်း

ဤအက်ဥပဒေသည် နိုင်ငံတစ်ဝန်းလုံးတွင် အာဏာသက်ရောက်သည်။ ထို့ပြင် အစိုးရဝန်ထမ်းများ အပါအဝင် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည်။ (ပုဒ်မ ၁)။

၄။ ပြည်နယ်များတွင် အာဏာသက်ရောက်ခြင်း

ဤအက်ဥပဒေသည် နိုင်ငံတစ်ဝန်းလုံးတွင် အာဏာသက်ရောက်သည် ဆိုသော်လည်း ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အတည်မဖြစ်မီ ပြဋ္ဌာန်းသော ဥပဒေဖြစ်သည့်အပြင် ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှု အက်ဥပဒေပုဒ်မ ၄၀(၁) အရ ပြည်နယ်များတွင် အာဏာသက်ရောက်စေမှသာ အာဏာတည်မည် ဖြစ်သည်။

(က) ချင်းပြည်နယ်

ဤအက်ဥပဒေသည် ချင်းပြည်နယ်၌ အိုးအိမ်အတည်တကျရှိသော နိုင်ငံသားများနှင့် သက်ဆိုင်သည်။ [(The Chin Special Division (Extension of Laws) Act, 1948)၊ (မြန်မာနိုင်ငံဥပဒေ အတွဲ ၁၃၊ စာ-၁)]။

(ခ) ရှမ်းပြည်နယ်

ဤအက်ဥပဒေသည် ရှမ်းပြည်နယ် The Federated Shan States တစ်ခုလုံးတွင် အာဏာသက်ရောက်သည်။ [(Laws in Force in the Shan States. Extracts from the Myanmar Laws Act, 1898. Inserted by Political Department Notification No. 49, dated the 20th November 1936) (The Shan States Manual, Pamphlet 4, P. 160)]။

(ဂ) ကချင်၊ ကယားနှင့် ကရင်ပြည်နယ်

ဤအက်ဥပဒေသည် ကချင်၊ ကယားနှင့် ကရင်ပြည်နယ်တို့တွင် အာဏာသက်ရောက်ခဲ့သည်ကို မတွေ့ရှိပါ။

၅။ **ပုဒ်မ ၃။ သူလျှိုလုပ်မှုအတွက် ပြစ်ဒဏ်**

(၁) မည်သူမဆို နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံအကျိုးကိုဖြစ်စေ ထိခိုက်စေသော ရည်ရွယ်ချက်ဖြင့်–

(က) ပိတ်ပင်တားမြစ်ထားသည့် နေရာတစ်ခုခုကို ချဉ်းကပ်ခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း၊ ကျော်ဖြတ်ခြင်းပြုလျှင်၊ ထိုနေရာအနီးအနားတွင် ရှိနေလျှင် သို့မဟုတ် ထိုနေရာသို့ဝင်လျှင် သော်လည်းကောင်း၊

(ခ) ရန်သူအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးဝင်စေရန် ကြံရွယ်၍ သို့မဟုတ် တွက်ချက်၍ ပုံကြမ်း (Sketch)၊ အစီအစဉ် (Plan)၊ နမူနာပုံစံ (Specimen) သို့မဟုတ် မှတ်စုကိုပြုလုပ်လျှင်သော်လည်းကောင်း၊

(ဂ) ရန်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးဝင်စေရန် ကြံရွယ်၍ အစိုးရ လျှို့ဝှက်သင်္ကေတ (Code)၊ ကင်းစကားဝှက် (Password)၊ ပုံကြမ်း၊ အစီအစဉ်၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု သို့မဟုတ် အခြား စာရွက်စာတမ်း အမှတ်အသား သို့မဟုတ် သတင်းကို ရယူခြင်း၊ စုဆောင်းခြင်း၊ ရေးမှတ်ခြင်းပြုလျှင် သို့မဟုတ် သူတစ်ပါးဆက်သွယ်သိရှိစေလျှင် သော်လည်းကောင်း–

– ထိုပြစ်မှုသည် တပ်မတော်လုပ်ငန်း၊ လက်နက်တိုက်၊ ကြည်းတပ်၊ ရေတပ်၊ လေတပ် တည်ရှိရာ၊ ချထားရာနေရာတစ်ခုခု၊ ကြည်းတပ်၊ ရေတပ်၊ လေတပ်ဆိုင်ရာ မိုင်း၊ မိုင်းတွင်း၊ အလုပ်ရုံ၊ သင်္ဘောကျင်း၊ စခန်း၊ သင်္ဘောနှင့် လေယာဉ်တစ်ခုခုနှင့် သက်ဆိုင်လျှင် ထောင်ဒဏ် ၁၄ နှစ်ထိ ချမှတ်ခြင်းခံရမည်။ အခြားပြစ်မှုနှင့် သက်ဆိုင်လျှင် ထောင်ဒဏ် ၃ နှစ်ထိ ချမှတ်ခြင်းခံရမည်။

(၂) ဤပုဒ်မအရ ထောင်ဒဏ် ၁၄ နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုတစ်ခုခု စွဲဆိုရာတွင် စွပ်စွဲခံရသူက နိုင်ငံလုံခြုံရေးကိုဖြစ်စေ၊ အကျိုးကိုဖြစ်စေ ထိခိုက်စေရန် ရည်ရွယ်ချက်ကို ထင်ရှားအောင် သက်သေပြရန်မလို။ ထိုသို့ ထိခိုက်စေမည့်ပုံပေါ်လျှင် ထိခိုက်စေသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဟု မှတ်ယူနိုင်ပြီး ပြစ်မှုထင်ရှားစီရင်နိုင်သည်။

၆။ **ပုဒ်မ ၅။ သတင်းအချက်အလက်များ တရားမဝင် ဆက်သွယ် ကြားသိစေခြင်း စသည်တို့အတွက် ပြစ်မှုနှင့် ပြစ်ဒဏ်**

(၁) ပိတ်ပင်တားမြစ်ထားသည့်နေရာ၊ ထိုနေရာနှင့် တစ်စုံတစ်ရာ သက်ဆိုင်သည့် သို့မဟုတ် ဤဥပဒေနှင့်ဆန့်ကျင်၍ ရယူ၊ ပြုလုပ်ထားသည့် သို့မဟုတ် တာဝန်အရ အစိုးရ

ဝန်ထမ်းအနေဖြင့် ယုံမှတ်အပ်နှံထားခြင်း ခံရသည့် သို့မဟုတ် အစိုးရ ကိုယ်စား ပဋိညာဉ်ချုပ်ဆို၍ လက်ရှိထားသည့် အစိုးရ လျှို့ဝှက်သင်္ကေတ၊ စကားဝှက်၊ ပုံကြမ်း၊ အစီအစဉ်၊ နမူနာပုံစံ၊ ဆောင်းပါး၊ စာတမ်းအမှတ်အသား သို့မဟုတ် သတင်းတစ်ခုခုကို လက်ဝယ် ထားရှိသူ၊ ကြီးကြပ်ရသူ မည်သူမဆို–

(က) ယင်းတို့ကို တာဝန်အရ အသိပေးရမည့်သူမှအပ အခြားသူတစ်ဦးဦးအား ဆက်သွယ် ကြားသိစေလျှင်သော်လည်းကောင်း၊

(ခ) မိမိလက်ရှိဖြစ်သည့် သတင်းကို နိုင်ငံခြားအစိုးရအကျိုးအတွက် ဖြစ်စေ၊ နိုင်ငံ လုံခြုံရေးကို ထိခိုက်စေရန် အခြား တစ်နည်းနည်းဖြင့်ဖြစ်စေ အသုံးပြုလျှင်သော် လည်းကောင်း၊

(ဂ) ထိုပုံကြမ်း၊ အစီအစဉ်၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု သို့မဟုတ် စာတမ်းအမှတ် အသားကို မိမိလက်ဝယ် သို့မဟုတ် မိမိကြီးကြပ်မှုအောက်တွင် ထားပိုင်ခွင့်မရှိဘဲ ထားလျှင် သို့မဟုတ် ထိန်းသိမ်းရမည့်တာဝန်နှင့်မညီဘဲ ထားလျှင်သော်လည်းကောင်း၊ ယင်းတို့ကို ပြန်ပေးအပ်ရန်၊ စီမံခန့်ခွဲရန်အတွက် ဥပဒေနှင့်အညီ အခွင့်အာဏာပိုင်က ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို သိုက်နာရန် ပျက်ကွက်လျှင်သော်လည်း ကောင်း–

(ဃ) ထိုပုံကြမ်း၊ အစီအစဉ်၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ စာတမ်းအမှတ်အသား၊ အစိုးရလျှို့ဝှက်သင်္ကေတ၊ ကင်းစကားဝှက် သို့မဟုတ် သတင်းကို သင့်တင့် လျောက်ပတ်စွာ ထိန်းသိမ်းရန် ပျက်ကွက်လျှင် သို့မဟုတ် လုံခြုံမှုကို အန္တရာယ် ဖြစ်စေလောက်အောင် ပြုလျှင်သော်လည်းကောင်း–

– ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူ ဖြစ်စေရမည်။

(၂) မည်သူမဆို ဤဥပဒေနှင့်ဆန့်ကျင်၍ ဆက်သွယ်သည့် အစိုးရ လျှို့ဝှက်သင်္ကေတ၊ ကင်းစကားဝှက်၊ ပုံကြမ်း၊ အစီအစဉ်၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ စာတမ်း အမှတ်အသား သို့မဟုတ် သတင်းကို သိလျက်နှင့် လက်ခံလျှင် ဤပုဒ်မအရ ပြစ်မှု ကျူးလွန်သူ ဖြစ်စေရမည်။

(၃) စစ်လက်နက်ပစ္စည်းများနှင့် သက်ဆိုင်သည့် ပုံကြမ်း၊ အစီအစဉ်၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု၊ စာတမ်းအမှတ်အသား သို့မဟုတ် သတင်းတစ်ခုခုကို လက်ဝယ်ထားရှိသူ/ ကြီး ကြပ်သူ မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နိုင်ငံခြားအစိုးရနှင့် ဆက်သွယ် ကြားသိစေလျှင် သို့မဟုတ် နိုင်ငံလုံခြုံရေးနှင့် အကျိုးစီးပွားကို တစ်နည်းနည်းဖြင့် ထိခိုက်စေလျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူ ဖြစ်စေရမည်။

(၄) ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူသည် ထောင်ဒဏ် ၂ နှစ်ထိ ဖြစ်စေ၊ ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၇။ **ပုဒ်မ ၆။ အခွင့်မရှိဘဲ ဝတ်စုံဝတ်ခြင်း၊ မမှန်အစီရင်ခံခြင်း၊ အယောင်ဆောင်ခြင်းနှင့် စာတမ်းအမှတ်အသား အတု ပြုလုပ်ခြင်းအတွက် ပြစ်မှုပြစ်ဒဏ်**

(၁) မည်သူမဆို ပိတ်ပင်တားမြစ်ထားသော နေရာသို့ ဝင်ခွင့်ရရှိရန်၊ သူတစ်ပါး ဝင်ခွင့်ရရေး ကူညီရန် ရည်ရွယ်၍ဖြစ်စေ၊ နိုင်ငံလုံခြုံရေး ထိခိုက်စေရန် ရည်ရွယ်၍ဖြစ်စေ-

(က) တပ်မတော်ကြည်း၊ ရေ၊ လေ ရဲတပ်ဖွဲ့ သို့မဟုတ် အခြားဝန်ထမ်းဝတ်စုံကို ဖြစ်စေ၊ အဆိုပါ ဝတ်စုံနှင့် ထင်ယောင်ထင်မှားဖြစ်စေသည့် ဝတ်စုံကိုဖြစ်စေ အသုံးပြုလျှင်၊ ဝတ်ဆင်လျှင်သော်လည်းကောင်း၊ ယူနီဖောင်းဝတ်စုံ ဝတ်ဆင်ခွင့်ရသူ အဖြစ် ထင်မှတ်စေရန် မမှန်မကန် ဝတ်ဆင် တက်ရောက်လျှင်သော်လည်းကောင်း၊

(ခ) မမှန်မကန်ဖော်ပြ၍ဖြစ်စေ၊ ခြွင်းချန်၍ဖြစ်စေ ကြေညာချက်၊ လျှောက်ထားချက်ကို နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း သိလျက်နှင့် ပြုလုပ်ခြင်း၊ လျစ်လျူရှုခြင်း၊ စာရွက်စာတမ်းတွင် မမှန်မကန် လက်မှတ်ရေးထိုး ပြုလုပ်ခြင်း၊ လျစ်လျူရှုခြင်း ပြုလျှင်သော်လည်းကောင်း၊

(ဂ) ပတ်စ်ပို့ သို့မဟုတ် တပ်မတော် ကြည်း၊ ရေ၊ လေ၊ ရဲတပ်ဖွဲ့၊ ဝန်ထမ်းပတ်စ်ပို့၊ ခွင့်ပြုမိန့်၊ သက်သေခံလက်မှတ်၊ လိုင်စင် သို့မဟုတ် အခြား အလားတူ စာတမ်းအမှတ်အသားကို အတုပြုလျှင်၊ ပြောင်းလဲလျှင်၊ ပြင်ဆင်လျှင်သော် လည်းကောင်း၊ အဆိုပါ တုပ၊ ပြောင်းလဲ၊ ပြင်ဆင်ထားသော အစိုးရစာတမ်း အမှတ်အသားများကို သိလျက်နှင့် အသုံးပြုလျှင်၊ လက်ဝယ်ထားလျှင်သော် လည်းကောင်း၊

(ဃ) အစိုးရ ရာထူး၊ ဌာန လက်ရှိဖြစ်လေဟန် အယောင်ဆောင်လျှင်၊ မမှန်တင်ပြလျှင် သော်လည်းကောင်း၊ တရားဝင်ထုတ်ပေးထားသည့်၊ ဆက်သွယ်ကြားသိစေသည့် အစိုးရစာမှတ်စာတမ်း၊ အစိုးရလျှို့ဝှက်သင်္ကေတ၊ ကင်းစကားဝှက် ဟုတ်လေဟန်၊ မဟုတ်လေဟန် အယောင်ဆောင်လျှင်၊ မမှန်တင်ပြလျှင်သော်လည်းကောင်း၊

(င) အစိုးရဌာနတစ်ခုခု သို့မဟုတ် အစိုးရက ခန့်အပ်သည့် အစိုးရအခွင့်အမိန့်အရ ဆောင်ရွက်သည့် သံတမန်၊ တပ်မတော်ကြည်း၊ ရေ၊ လေ အာဏာပိုင်က ပိုင်ဆိုင်သည့်၊ အသုံးပြုသည့်၊ ပြုလုပ်၊ စီမံထားရှိသည့် သွန်းပုံ (die)၊ တံဆိပ်တုံး သို့မဟုတ် တံဆိပ်ကို သက်ဆိုင်ရာအစိုးရဌာန၏ အခွင့်မရှိဘဲ အသုံးပြုလျှင်

သို့မဟုတ် ၎င်း၏လက်ဝယ်၊ ၎င်း၏ကြီးကြပ်မှုအောက်ထားလျှင်သော်လည်းကောင်း၊ အဆိုပါ သွန်းပုံ၊ တံဆိပ်တုံးနှင့် တံဆိပ်ကို အတုပြုလုပ်လျှင်၊ ထိုအတုကို ၎င်း၏လက်ဝယ်၊ ၎င်း၏ကြီးကြပ်မှုအောက်ထားလျှင်သော်လည်းကောင်း-

-ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူ ဖြစ်စေရမည်။

(၂) မည်သူမဆို နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေရန်အလို့ငှာ-

(က) အစိုးရစာတမ်း အမှတ်အသားမှာ ပြီးပြည့်စုံသည်ဖြစ်စေ၊ မပြီးပြည့်စုံသည်ဖြစ်စေ၊ အသုံးပြုရန်ထုတ်ပေးထားသည်ဖြစ်စေ၊ ထုတ်မပေးထားသည်ဖြစ်စေ လက်ရှိထားပိုင်ခွင့်မရှိသည့်အခါ သို့မဟုတ် လက်ဝယ်ထားရန် တာဝန်ဝတ္တရားနှင့် ဆန့်ကျင်သည့်အခါတွင် လက်ဝယ်မထားသင့်ဘဲ ထားလျှင်သော်လည်းကောင်း၊ အဆိုပါ စာတမ်းအမှတ်အသားကို ပြန်ပေးအပ်ရန် သို့မဟုတ် စီမံခန့်ခွဲရန် အစိုးရဌာနကဖြစ်စေ၊ အခွင့်ရအာဏာပိုင်ကဖြစ်စေ ထုတ်ထားသော ညွှန်ကြားချက်ကိုလိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊

(ခ) ကိုယ်တိုင်အသုံးပြုရန် ထုတ်ပေးထားသော အစိုးရစာတမ်း အမှတ်အသားကို သူတစ်ပါးအား လက်ရှိထားခွင့်ပြုလျှင်သော်လည်းကောင်း၊ ထုတ်ပေးထားသော အစိုးရ လျှို့ဝှက်သင်္ကေတ၊ ကင်းစကားဝှက်ကို ဆက်သွယ်အကြောင်းကြားလျှင်သော်လည်းကောင်း၊ အခြားသူအား ထုတ်ပေးထားသည့် အစိုးရ လျှို့ဝှက်သင်္ကေတ၊ ကင်းစကားဝှက်ကို လက်ရှိထားလျှင် သို့မဟုတ် ယင်းသင်္ကေတ ကင်းစကားဝှက်ကို ကောက်ရ၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ သက်ဆိုင်ရာ အာဏာပိုင် သို့မဟုတ် ရဲအရာရှိအား ပြန်ပေးအပ်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊

(ဂ) အဆိုပါ သွန်းပုံ၊ တံဆိပ်တုံး၊ တံဆိပ်ကို ဥပဒေနှင့်အညီ အခွင့်အမိန့်မရှိဘဲ၊ အကြောင်းပြချက်မရှိဘဲ ပြုလုပ်လျှင်၊ ရောင်းချလျှင်၊ ရောင်းချရန် လက်ဝယ်ထားရှိလျှင်သော်လည်းကောင်း-

-ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူ ဖြစ်စေရမည်။

(၃) ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူသည် ထောင်ဒဏ် ၂ နှစ်ထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(၄) ဤပုဒ်မအရ စွဲဆိုမှုများသည် ပုဒ်မ ၁၃(၂) ပါ ရည်ရွယ်ချက်ကို သက်သေထင်ရှားပြသရန် မလိုသည့်ကိစ္စ၊ ပြစ်မှုထင်ရှား စီရင်ရန် ကိစ္စများနှင့် သက်ဆိုင်စေရမည်။

**၈။ ပုဒ်မ ၇။ ရဲအရာရှိနှင့် မြန်မာနိုင်ငံ တပ်မတော်ဝင်အား နှောင့်ယှက်မှုနှင့် ပြစ်ဒဏ်**

(၁) ပိတ်ပင်တားမြစ်ထားသည့် နေရာအနီးတစ်ဝိုက်ရှိ ရဲအရာရှိကိုဖြစ်စေ၊ ထိုနေရာတွင် အစောင့်အကြပ်၊ ကင်းလှည့်တာဝန်ထမ်းဆောင်နေသည့် မြန်မာနိုင်ငံ တပ်မတော်ဝင်တစ်ဦးဦးကို ဖြစ်စေ ဟန့်တားခြင်းမပြုရ။ သိလျက်နှင့် အလွဲလမ်းသွန်ခြင်း မပြုရ။ သို့မဟုတ် အခြားနည်းဖြင့် နှောင့်ယှက်တားဆီးခြင်း မပြုရ။

(၂) မည်သူမဆို ဤပုဒ်မပါ တားမြစ်ချက်ကိုဖောက်ဖျက်လျှင် ထောင်ဒဏ် ၂ နှစ်ထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**၉။ ပုဒ်မ ၈။ သတင်းပေးရန် တာဝန်ပျက်ကွက်မှုနှင့် ပြစ်ဒဏ်**

(၁) ပုဒ်မ ၃ အရ ပြစ်မှု သို့မဟုတ် ပုဒ်မ ၉ နှင့်တွဲလျက် ပုဒ်မ ၃ အရ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ စောင့်ကြပ်၊ ကင်းလှည့်တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်ဝင်တစ်ဦးဦးက ရဲချုပ်၊ ရဲမင်းကြီးနှင့် ရဲမှူးတို့အား သတင်းပေးရန် တောင်းဆိုလျှင် သတင်းပေးရမည်။ ထို့ပြင် အချိန်နေရာကို ဖော်ပြ၍ လာရောက်ရန်ဆင့်ဆိုလျှင် သွားရောက်ရန် တာဝန်ရှိသည်။

(၂) ဖော်ပြပါ သတင်းပေးရန်၊ သွားရောက်ရန် ပျက်ကွက်သူသည် ထောင်ဒဏ် ၂ နှစ်ထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**၁၀။ ပုဒ်မ ၉။ အားထုတ်မှု၊ အားပေးကူညီမှုအတွက် ပြစ်ဒဏ်**

မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်လျှင် သို့မဟုတ် အားပေးကူညီလျှင် ထိုပြစ်မှုကို ကိုယ်တိုင်ကျူးလွန်ဘိသကဲ့သို့ အလားတူပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

**၁၁။ ပုဒ်မ ၁၀။ သူလျှို လက်သင့်ခံမှုအတွက် ပြစ်ဒဏ်**

(၁) မည်သူမဆို ပုဒ်မ ၃ အရ ပြစ်မှု သို့မဟုတ် ပုဒ်မ ၉ နှင့်တွဲလျက် ပုဒ်မ ၃ အရ ပြစ်မှုကို ကျူးလွန်မည့်ဆဲဆဲဖြစ်သူ၊ ကျူးလွန်ပြီးသူ သို့မဟုတ် ကျူးလွန်ရန်အကြောင်းရှိသူကို သိလျက်နှင့်လက်သင့်ခံလျှင်၊ မိမိလက်ရှိဖြစ်သည့်၊ ကြီးကြပ်မှုအောက်ရှိ ဥပစာတစ်ခုခု၌ စည်းဝေးရန်၊ စုရုံးရန်သိလျက်နှင့် ခွင့်ပြုလျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူဖြစ်စေရမည်။

(၂) မည်သူမဆို အထက်တွင်ဖော်ပြသည့် သူလျှိုအား လက်ခံထားပြီးနောက် သို့မဟုတ် စည်းဝေးရန်၊ စုရုံးရန် ခွင့်ပြုပြီးနောက် သိရှိသမျှ သတင်းပေးရန် ရဲချုပ်၊ ရဲမင်းကြီး၊ ရဲမှူးအောက်မနိမ့်သော ရဲအရာရှိက တောင်းဆိုလျှင် သတင်းပေးရမည်။ ထိုသို့သတင်းပေးရန် ပျက်ကွက်ပါက ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူ ဖြစ်စေရမည်။

(၃) ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူသည် ၂ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**၁၂။ စစ်ဆေးစီရင်ရမည့် တရားရုံးနှင့် တရားစွဲဆိုခွင့်**

(က) ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို နိုင်ငံတော်သမ္မတက အထူး အခွင့်အာဏာ ပေးသော **ပထမတန်း အာဏာရတရားသူကြီးမှတစ်ပါး ခရိုင်ရာဇဝတ် တရားသူကြီးထက်နိမ့်သော တရားသူကြီးက စစ်ဆေးစီရင်ခြင်း မပြုရ။ [ပုဒ်မ ၁၃(၁)]။**

တရားခံက စွဲချက်မတင်မီ ပြည်နယ်/ တိုင်း တရားရုံးတွင် စစ်ဆေးခံလိုကြောင်း တောင်းဆိုလျှင် လွှဲအပ်တင်ပို့ရမည်။ **[ပုဒ်မ ၁၃(၂)]**။

(ခ) ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို နိုင်ငံတော်သမ္မတ၏ အမိန့်အရ သို့မဟုတ် ၎င်းက လွှဲအပ်ထားသည့် အရာရှိ၏ အမိန့်အရ တိုင်ချက်မရှိလျှင် မည်သည့်တရားရုံးမျှ အရေးမယူရ။ **[ပုဒ်မ ၁၃(၃)]**။

**၁၃။ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေအရ ပြစ်မှုများစီရင်ပိုင်ခွင့်အပ်နှင်းခြင်း**

တရားစီရင်ရေးဥပဒေ ပုဒ်မ ၁၁ အရ ပြည်နယ်/ တိုင်း တရားသူကြီးများနှင့် တွဲဖက် ပြည်နယ်၊ တိုင်းတရားသူကြီးများအား ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်အက်ဥပဒေ (The Myanmar Official Secrets Act, 1923) အရ ပြစ်ဒဏ်ထိုက်သော အမှုများကို စစ်ဆေး စီရင်ရန်အတွက် အာဏာအပ်နှင်းခဲ့သည်။ **(တရားရုံးချုပ်၏ ၁၆–၃–၈၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၁/၈၉)။**

**၁၄။ တရားစွဲဆိုရန် ခွင့်ပြုမိန့်နှင့် စပ်လျဉ်း၍ တရားလွှတ်တော်၏ ၂–၇–၇၀ ရက်စွဲပါ ညွှန်ကြားလွှာ အမှတ် ၁၁/၇၀**

အထူးဥပဒေတစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံအစိုးရ အက်ဥပဒေများပုဒ်မ ၁၃(၃)တွင် တရားစွဲဆိုရန် ခွင့်ပြုမိန့် လိုအပ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ယင်းပုဒ်မ ၁၃(၃) တွင် ဖော်ပြထားသော ပြစ်မှုတစ်ရပ်ရပ်အရ စွဲဆိုသည့်အမှုတွင် တရားခံသည် ပြည်သူ့ဝန်ထမ်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တရားစွဲဆိုရန် ခွင့်ပြုမိန့်ယူရပါမည်။